SALWEEN PEACE PARK

# ပထမဆုံးအကြိမ် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံအပြီး ထုတ်ပြန်ကြေငြာချက်

နေ့စွဲ။ ။ ၅ ရက်၊ ဧပြီလ၊ ၂၀၁၉ ခုနှစ်

ယနေ့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း နေထိုင်ကြသည့် ကျွန်ုပ်တို့ဌာနေကရင်တိုင်းရင်းသားလူထုတို့သည် ဝမ်းနည်းဖွယ်ရာဆုံးရှုံးမှုတစ်ခုနှင့် မိမိတို့အတွက်ပေါ်ထွက်လာသည့် မျှော်လင့်ချက်တစ်ခု၊ စသည့်အရာနှစ်ခုစလုံးကို အမှတ်အသားပြုသောအနေဖြင့် ယနေ့ အတူတကွစုရုံးကြသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ ကျေးရွာအုပ်စု ၂၆ စု၊ မူတြော် (ဖာပွန်) ခရိုင် ကရင်အမျိုးသားအစည်းအရုံး၊ နှင့်ကရင်လူမှုအဖွဲ့အစည်း၊ စသည့်အုပ်စု ၃ စုကို ကိုယ်စားပြုသော သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံအဖွဲ့ဝင်ကိုယ်စားလှယ် ၁၀၆ ဦးတို့၏ သစ္စာဆိုခြင်းနှင့်အတူ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံကို ယနေ့တွင်တရားဝင်ဖွဲ့စည်းနိုင်ခဲ့သည်။

ပထမဆုံးအကြိမ် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံကို ဧပြီလ ၃ ရက်မှ ၅ ရက်နေ့အထိ ကျင်းပခဲ့သည်။ သက်ဆိုင်ရာကျေးရွာ၊ လူမှုအဖွဲ့အစည်းနှင့် (ဖာပွန်) ခရိုင် ကရင်အမျိုးသားအစည်းအရုံး ဌာနအသီးသီးမှ ရွေးချယ်တင်မြှောက်ခဲ့သောကိုယ်စားလှယ် ၁၀၆ ဦးတို့က သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ ၁၁ ဦးကို ၎င်းတို့ထဲမှ ရွေးကောက်တင်မြှောက်နိုင်ခဲ့ပြီး အထွေထွေညီလာခံတွင် တာဝန်ထမ်းဆောင်မည့် ၎င်းတို့ ၁၀၆ ဦးတို့အားလုံးအတွက် လမ်းညွှန်ချက်နှင့်စည်းမျဉ်းစည်းကမ်းများကိုလည်း ချမှတ်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေးဥယျာဉ်အတွက် အနာဂတ်အစီအစဉ်များဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပဋိပက္ခဖြေရှင်းရေးနှင့် ပြန်လည်ပေါင်းစည်းညီညွတ်ရေး၊ သဘာဝအရင်းအမြစ် ရေရှည်တည်တံ့စေသည့် စီမံခန့်ခွဲရေး၊ အခြေခံအဆောက်အုံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက် ရေး၊ မြေယာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး၊ ပြင်ပဆက်ဆံရေး၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့်ရှင်သန်ရေး၊ ရန်ပုံငွေတိုးမြှင့်ရေးနှင့်အရည်အသွေးမြှင့်တင်ရေး၊ နှင့် ဘဏ္ဍာငွေစီမံခန့်ခွဲရေး၊ စသည့်ကဏ္ဍ ၉ ခုကို တာဝန်ယူအကောင်အထည်ဖော်ဆောင်သွားမည့် လုပ်ငန်းဖြစ်မြောက်ရေးအဖွဲ့ ၉ ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဥယျာဉ်အုပ်ချုပ်ရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အတူ လိုအပ်သည့်အစည်းအဝေးနှင့်လုပ်ငန်းများကို ဤအဖွဲ့များက ဆက်လက်လုပ် ဆောင်သွားမည်ဖြစ်သည်။ လာမည့်သုံးနှစ်အတွင်း၌ သစ်ပင်စိုက်ပျိုးခြင်းဖြင့် သစ်တောပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ၊ အမှိုက်နှင့်စွန့်ပစ္စည်းစီမံခန့်ခွဲရေးလုပ်ငန်း၊ နှင့် တောမီးကန့်သတ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ရပ်ရွာလူထုများ၏ပါဝင်မှုနှင့်အတူ ဦးစားပေးလုပ်ဆောင်သွားရန် အထွေထွေညီလာခံက ဆုံးဖြတ်ခဲ့သည်။ အနာဂတ်လုပ်ငန်းများကို အထောက်အပံ့ပြုရန်အတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပင်မအစီအစဉ်မူကြမ်းကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်သည်။ ဒုတိယအကြိမ်အထွေထွေညီလာခံကို ၂၀၂၀ ခုနှစ်တွင် ကျင်းပသွားမည်ဖြစ်သည်။

ယနေ့တွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ပါဝင်ခဲ့ပြီး အများ၏လေးစားမှုကို ခံရသော ဌာနေကရင်တိုင်းရင်းသားလူထုခေါင်းဆောင်တစ်ဦးဖြစ်သည့် စောအိုမူးအသတ်ခံရသည်မှာ တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ မူတြော်ခရိုင်၏ကန့်သတ်နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်ခဲသည့်ဗမာတပ်မတော်များ၏ စစ်ဆင်ရေးများကြောင့် ထွက်ပြေးပုန်းရှောင်ခဲ့ရသည့် ရွာသူရွာသားများကို လိုက်လံကူညီချိန်အပြီး အိမ်သို့အပြန်တွင် စောအိုမူးသည် ဗမာတပ်မတော်၏ပစ်သတ်ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ သူသေဆုံးခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း ၎င်း၏ရုပ်အလောင်းမှာ ယခုအချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်သည်။ ထို့ကြောင့် ကျန်ရစ်သူမိသား

စုများမှာ စောအိုမူး၏နောက်ဆုံးခရီးပို့ဆောင်ခြင်းအစီအစဉ်ကို ၎င်းတို့၏မိရိုးဖလာအတိုင်း ယခုအထိမလုပ်ဆောင်နိုင်သေးပါ။ အဆိုပါဒေသတွင် မိမိကျေးရွာသို့ယခုအထိ မပြန်နိုင်သေးသည့် ကျေးရွာလူထုများစွာရှိနေသေးသည်။ ယနေ့ပြုလုပ်ခဲ့သော စောအိုမူးအားအောက်မေ့သတိရခြင်းအစီအစဉ်ကို ၂၀ စက္ကန့်အကြာ တိတ်ဆိတ်ငြိမ်သက်ခြင်းဖြင့် စတင်ခဲ့ပြီး ၎င်း၏ကျန်ရစ်သူမိသားစုများဖြစ်သည့် ဇနီးနော်ဖေါ်သာနှင့် ညီစောဒါးဘော၊ နှင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေ ထွေညီလာခံဥက္ကဌ စောဖေါလ်စိန်ထွားတို့မှ စောအိုမူး၏ဘဝ၊ အောင်မြင်မှုနှင့် ၎င်းတစ်သက်တာကရင်လူမျိုးတို့၏ အခွင့်အရေးနှင့်ရိုးရာယဉ်ကျေးမှုအတွက် နစ်မြုပ်လုပ်ဆောင်ခဲ့မှုများကို ပြောပြခဲ့သည်။ နောက်ပိုင်းတွင် စောအိုမူးဘဝအကြောင်းကို ရိုက်ကူးသော ရုပ်သံမှတ်တမ်းကိုလည်း ပြသခဲ့သည်။

စောအိုမူးသေဆုံးသွားပြီဖြစ်သော်လည်း သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့လူထုအားလုံးထားရှိသော မျှော်မှန်းချက်နှင့်စောအိုမူးပေးဆပ်ခဲ့မှုများမှာ ဆက်လက်ရှင်သန်နေမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းများအပေါ် အခြေခံတည်ဆောက်သွားမည့် ငြိမ်းချမ်းသောရေမြေဒေသတစ်ခုကို ရေရှည်တည်တံ့စွာတည်ထောင်နိုင်ရန်အတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏လူထုအားလုံး၏ကိုယ်စားလှယ်များမှ ဒီမိုကရေစီနှင့်အညီပါဝင်ပြောဆိုနိုင်မည့် ဆုံရပ်တစ်ခုကို အထွေထွေညီလာခံက ချမှတ်ပေးနိုင်ခဲ့သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်လူထုအားလုံးအတွက် တည်ငြိမ်သောဘဝနှင့်စစ်မှန်သောငြိမ်းချမ်းကို ဆွတ်ခူးနိုင်ရန်အတွက် အထွေထွေညီလာခံအဖွဲ့ဝင်များ၏သစ္စာဆိုခြင်းများဖြင့် အရေးကြီးသောခြေလှမ်းတစ်ခုကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အထွေထွေညီလာခံက စတင်နိုင်ခဲ့ပြီဖြစ်သည်။ "ဘဝတစ်ခုလုံးပေးအပ်လုပ်ဆောင်ခဲ့တဲ့ စောအိုမူးရဲ့ ဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ လုပ်ဆောင်ချက်နဲ့မျှော်လင့်ချက်တွေဟာ ဆက်လက်ရှင်သန်နေမှာဖြစ်ပြီး သူကိုင်တိုင်မြင်နိုင်တော့မှာ မဟုတ်ပေမဲ့ တစ်နေ့နေ့မှာ ဒီဟာတွေ ပြီးပြည့်စုံမှာဖြစ်တယ် " ဟု နော်ဖေါ်သာက ဆိုသည်။ "သူ့တာဝန်ကို သူလုပ်ခဲ့ပြီ၊ ခုချိန်မှာကျမတို့တာဝန်ကို ကျမတို့ ကျေအောင်လုပ်မယ်။ ကျမတို့ချမှတ်နိုင်ခဲ့ပြီဖြစ်တဲ့ အခြေခံအုတ်မြစ်ကို အနာဂါတ်သားသမီးတွေ လက်ထက်အဆင့်ဆင့် လက်ဆင့်ကမ်းသွားမှာဖြစ်တယ်"

**သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီဝင်များ**

(၁) စောဖေါလ်စိန်ထွား (ဥက္ကဌ)
(၂) စောဒီဂေဂျူနီယာ (ဒု - ဥက္ကဌ)
(၃) စောကလိုထူး (အတွင်းရေးမှူး)
(၄) နော်ဘူးမူဖေါ (တွဲဖက်အတွင်းရေးမှူး)
(၅) စောဒေးထူး (ကော်မတီအဖွဲ့ဝင်)
(၆) နော်ပယ်ဝါး (ကော်မတီအဖွဲ့ဝင်)
(၇) စောထဲဒါ (ကော်မတီအဖွဲ့ဝင်)
(၈) နော်ကညောဖေါ (ကော်မတီအဖွဲ့ဝင်)
(၉) စောသောကလယ် (ကော်မတီအဖွဲ့ဝင်)
(၁၀) နော်ဖလယ်ဆွယ် (ကော်မတီအဖွဲ့ဝင်)
(၁၁) စောရေးဒါမူး (ကော်မတီအဖွဲ့ဝင်)

**ဆက်သွယ်ရန်**

စောဖေါလ်စိန်ထွား၊ +66(0)0817247093 (ထိုင်းဖုန်း)
နော်ကညောဖေါ၊ +66(0)810295503 (ထိုင်းဖုန်း)
စောကလိုထူး၊ +66(0)53071600, +66 (0)55577502, +66 (0)55577503 (ထိုင်းဖုန်း)